# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

August 25, 2020 Volume 34, Number 16


## ကိုဗစ်-၁၉ အလွန်ကာလ မြန်မာနိုင်ငံ၏စီးပွားရေး ပြန်လည်ဦးမော့လာစေရန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံသို့ တရားဝင်ခရီးရောက်ရှိနေသည့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Toshimitsu MOTEGI အား ယနေ့မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးပွဲကို ကျင်းပသည်။

နှစ်နိုင်ငံတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr.Ichiro MARUYAMA နှင့် ဂျပန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့်ဂျပန်နိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးကိစ္စရပ်များ၊ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်၊ တားဆီးရေးနှင့် ကုသရေးလုပ်ငန်းများအတွက် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ဆက်လက်ကူညီပံ့ပိုးသွားမည့်အခြေအနေ၊ ကိုဗစ်-၁၉ ကာလအတွင်း နှစ်နိုင်ငံ နိုင်ငံသားများအတွက် ကယ်ဆယ်ရေးလေယာဉ်များ ဆက်လက်ပျံသန်းပြေးဆွဲပေးရေးနှင့် အပြန်အလှန်သွားလာမှုများ တစ်ဆင့်ချင်းပြန်လည်ဖွင့်လှစ်သွားရေး၊ မြန်မာနိုင်ငံ၌ နိုဝင်ဘာလအတွင်းကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် ဂျပန်နိုင်ငံမှ အကူအညီပေးအပ်ရေးနှင့် လေ့လာသူအဖွဲ့စေလွှတ်သွားရေးကိစ္စ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး

| ၂၅.၈.၂၀၂၀ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၃၁ US$ |
| မြန်မာ့ရွှေဈေး | = ၁၃၀၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၁၃၆၈/- ကျပ် |
| CBM Rate | = ၁၃၅၆.၀ ကျပ် |
| ယူရို တစ်ယူရို | = ၁၆၀၂.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၉၀.၂၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၇၇.၆ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၂၇၅.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၇၁.၀၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၆.၁၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၂၆၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၄.၂၃ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၅.၁၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၃.၀၅၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

လုပ်ငန်းစဉ်များ၌ ဂျပန်အစိုးရမှကူညီပံ့ပိုးမှုများ ဆက်လက်ပေးအပ်သွားမည့်ကိစ္စ၊ ကိုဗစ်-၁၉ အလွန်ကာလ မြန်မာနိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာစေရန် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားရေးကိစ္စများနှင့် ရင်းနှီးမြှုပ်နှံမှုနှင့်ပူးပေါင်းဆောင်ရွက်မှု ဆက်လက်တိုးချဲ့သွားရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ရခိုင်ပြည်နယ် အရေးကိစ္စနှင့်ပတ်သက်၍ဆွေးနွေးကြရာတွင် ဂျပန်နိုင်ငံအနေဖြင့် သိမ်မွေ့နက်နဲသည့် အခြေအနေကို နားလည်ကြောင်းနှင့် ရခိုင်ပြည်နယ်ရှိ လူ့အဖွဲ့အစည်းများအကြား သဟဇာတဖြစ်ရေးနှင့်တည်ငြိမ်ရေးအပါအဝင် မြန်မာအစိုးရ ကိုယ်တိုင်စီမံဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များကို ဆက်လက်ထောက်ခံအားပေးသွားမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံ နိုင်ငံခြား ရေးဝန်ကြီးက ဆွေးနွေးသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မိမိတို့၏စိန်ခေါ်မှုများအား ဖြေရှင်းနိုင်ရေးအတွက် မြန်မာအစိုးရ၏ စွမ်းဆောင်ရည် မြှင့်တင်ပေးရန် ကူညီပံ့ပိုးပေးခြင်းသည် တန်ဖိုးအရှိဆုံးဖြစ်ကြောင်း၊ ထို့ကြောင့် ရခိုင်ပြည်နယ်၌ လုံခြုံရေးနှင့်အုပ်ချုပ်ရေးကဏ္ဍ များတွင် စွမ်းဆောင်ရည်မြှင့်တင်ရန် ဂျပန်နိုင်ငံ၏ ကူညီပံ့ပိုးမှုများအတွက် ကျေးဇူးတင်ကြောင်းပြောကြားသည်။ ထို့ပြင် ဒေသတွင်းနှင့် နိုင်ငံတကာအရေးကိစ္စရပ်များအပေါ် နှစ်ဖက်ရင်းနှီးပွင့်လင်းစွာဆွေးနွေး၍ အမြင်ချင်းဖလှယ်ကြသည်။ ဆက်လက်၍ ကိုဗစ်-၁၉ ကပ်ရောဂါ ထိန်းချုပ်နိုင်မည့်အခြေအနေပေါ်မူတည်၍ နှစ်နိုင်ငံအကြား ကာလရှည်နေထိုင်ခွင့်ရရှိ ထားသူများအား အပြန်အလှန်ဝင်ရောက်နိုင်ရေးနှင့်ပတ်သက်၍ တစ်ဆင့်ချင်းဖြေလျှော့သွားရေးကိစ္စရပ်များကို စက်တင်ဘာ လလယ်တွင် ဆက်လက်ဆွေးနွေးရန် နှစ်ဖက်သဘောတူခဲ့ကြသည်။

ထို့ပြင် ဂျပန်နိုင်ငံသို့ ကာလတိုလာရောက်လိုသည့် အတတ်ပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များအတွက် ဂျပန် နိုင်ငံသို့ ဝင်ရောက်ခွင့်ကို ဖြေလျှော့ပေးမည့် business track အစီအစဉ်နှင့် ဂျပန်အစိုးရမှပေးအပ်သည့် ပညာသင်ဆုရရှိထား သည့် မြန်မာပညာတော်သင်များကို ဂျပန်နိုင်ငံသို့ မကြာမီဝင်ရောက်ခွင့်ပြုရေးကိစ္စတို့ကိုလည်း ဆက်လက်ညှိနှိုင်းသွား ရန် ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

**Source:** https://myawady.net.mm/node/1034

## မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အွန်လိုင်းကုန်စည်ပြပွဲ အောင်မြင်စွာဖွင့်လှစ်




စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်သည် မြန်မာ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော် မူတာကပေါ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးအေးဝင်းတို့နှင့်အတူ ဩဂုတ်လ(၂၄) ရက်နေ့နံနက်(၁၀)နာရီ အချိန်တွင် ရန်ကုန်မြို့ကုန်သည်လမ်းရှိ မြန်မာအပြည်ပြည် ဆိုင်ရာကုန်သွယ်မှုဗဟို ဌာနမှအွန်လိုင်းဖြင့် မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့မှ ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အွန်လိုင်းကုန်စည်ပြပွဲ Myanmar International Expo of Organic and Natural Products ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ ပါသည်။

အခမ်းအနား တွင်ပြည်ထောင်စုဝန်ကြီးမှ အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံသည် နိုင်ငံတကာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့များနည်းတူ COVID-19 ကာလအတွင်း နိုင်ငံတကာသို့ မိမိနိုင်ငံ၏အရည်အသွေးရှိ ထုတ်ကုန်များကို မိတ်ဆက်ပြသနိုင်ရန်နှင့် ဈေးကွက်သစ်များရှာဖွေနိုင်ရန် စီစဉ်ကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏စီးပွားရေး မူဝါဒတွင် လယ်ယာထွက်ကုန်များကိုအခြေခံအခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးပါဝင်ပါကြောင်း၊ COVID ကာလအတွင်း မြန်မာ နိုင်ငံကိုစားနပ်ရိက္ခာထုတ်လုပ်တင်ပို့သော နိုင်ငံတစ်ခုဖြစ်လာရန် ကြိုးပမ်းဆောင်ရွက်ရာတွင် အွန်လိုင်းကုန်စည်ပြပွဲ

ပလက်ဖောင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လာမည်ဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။ အစီအစဉ်အရ တရုတ်-အာဆီယံ ကုန်စည်ပြပွဲ အတွင်းရေးမှူးရုံး၊ အတွင်းရေးမှူးချုပ် Mr. Wang Leiနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါတို့က အသီးသီးအမှာစကားများပြောကြားခဲ့ပါသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ အွန်လိုင်း ကုန်စည်ပြပွဲ Myanmar International Expo of Organic and Natural Productsကို ဖွင့်လှစ်ပေးခဲ့ပါသည်။

အွန်လိုင်းကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့မြန်မာနိုင်ငံအပါအဝင် တရုတ်၊ ဗီယက်နမ်၊ လာအို၊ ကိုရီးယား၊ ဂျပန်၊ ဗြိတိန်၊ အီတလီ၊ ရုရှား၊ အာရပ်စော်ဘွားများနိုင်ငံ၊ ဥရောပသမဂ္ဂ၊ အမေရိကန်ပြည်ထောင်စုနှင့် အိန္ဒိယနိုင်ငံတို့မှ စိတ်ပါဝင်စား သူများက အွန်လိုင်းမှပါဝင် တက်ရောက်ခဲ့ပါသည်။

ကုန်စည်ပြပွဲတွင်ဆန်၊ ပဲမျိုးစုံ၊ နှမ်း၊ သစ်သီးဝလံများ၊ ရေထွက်ပစ္စည်းများ၊ စားသောက်ကုန်များနှင့် အခြား လူသုံးကုန်ပစ္စည်းများကို မြန်မာ၊ တရုတ်၊ ဗီယက်နမ်၊ လာအိုနှင့် ကိုရီးယား နိုင်ငံတို့မှ ကုမ္ပဏီ(၅၀) ကျော်မှ ပါဝင်ပြသမည်ဖြစ်ပြီး ပြပွဲကာလအတွင်း တရုတ်၊ စင်္ကာပူနိုင်ငံများမှ ကုန်သည်လုပ်ငန်းရှင်များနှင့် Business Matching များလည်း ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါပြပွဲသို့ နိုင်ငံတကာမှဝယ်ယူသူ/လေ့လာသူအဖြစ် တက်ရောက်ရန်ကြိုတင် စာရင်းပေးသွင်းထားသူ (၂၅၀) ကျော် ရှိကြောင်းနှင့်အွန်လိုင်းကုန်စည်ပြပွဲကိုဩဂုတ်လ (၂၄)ရက်နေ့မှ (၃၀) ရက်နေ့အထိ www.myanmarexpopark.com တွင်အခမဲ့ စာရင်းပေးသွင်း၍ ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သတင်းရရှိပါသည်။

**Source: မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဇဟိုဌာန**

## တရုတ်နိုင်ငံသို့ ငှက်ပျောသီးတင်ပို့ခွင့်ရရှိနိုင်ရန် အလားအလာကောင်းနေ



ငှက်ပျောသီးကို တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရရှိရန် အလားအလာ ကောင်းများရှိနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ သစ်သီးဝလံပန်းမန်နှင့်ဟင်းသီး ဟင်းရွက်စိုက်ပျိုး၊ ထုတ်လုပ်ရောင်းချသူများအသင်းကသိရသည်။ တရုတ်နိုင်ငံ သို့ ထောပတ်၊ ကျွဲကော၊ နာနတ်နှင့် ငှက်ပျောစသည့်သီးနှံများ တရားဝင်တင်ပို့ နိုင်ရန်ညှိနှိုင်းနေခြင်းဖြစ်ပြီး ငှက်ပျောသီးမှာ တင်ပို့နိုင်မည့်အခြေအနေရှိနေ ကြောင်းသိရသည်။ မြန်မာ့လယ်ယာထွက်ကုန်တွေ ပြည်ပကိုတရားဝင် တင်ပို့နိုင်ဖို့ လုပ်ဆောင်နေတာဖြစ်ပါတယ်။ တင်ပို့ဖို့အတွက်တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့က စစ်ဆေးဆောင်ရွက်နေတဲ့အဆင့်ထိ ရောက်ရှိနေပါပြီ။ မကြာမီ ငှက်ပျောကို တရားဝင်တင်ပို့နိုင်ဖို့ လုပ်ဆောင်သွားဖို့စီစဉ်သွားမှာဖြစ်ပါတယ်”ဟု အဆိုပါအသင်း အတွင်းရေးမှူး ဦးကျော်သူကပြောသည်။

မြန်မာနိုင်ငံက တရုတ်နိုင်ငံအကောက်ခွန်ဌာနသို့တရားဝင် တင်ပို့ခွင့်ရရှိရန် သီးနှံအမည်ပေါင်း ၂၀ ကျော်ကို ပေးပို့ လျှောက်ထားခဲ့ကြောင်း၊ ထိုထဲမှ ကြက်မောက်၊ မင်းကွတ်၊ လိုက်ချီး၊ ဖရဲသရက်၊သခွားမွေး၊ ဆီးသီးနှင့်လောင်ဂန်တို့ကို တရားဝင် တင်ပို့နိုင်သည့် သီးနှံများအဖြစ်ရရှိခဲ့ပြီးဖြစ်ကြောင်းသိရသည်။ လက်ရှိတွင်ပြည်ပတင်ပို့မှုမရှိသဖြင့် ပြည်တွင်းဈေးကွက်ကိုသာ မှီခိုရောင်းချရကြောင်း၊ အဆင့်မြင့်ထုတ်ကုန်များကိုထုတ်လုပ်ကာ ရောင်းချရန်စီစဉ်သော်လည်းနည်းပညာပိုင်းလိုအပ်ခြင်း၊ ကရိကထများပြားခြင်းတို့ကြောင့် လုပ်ဆောင်နိုင်ခြင်းမရှိကြောင်း၊ ပြည်ပသို့တင်ပို့ရန် စီစဉ်နေသည်ဟုဆိုကာ လာရောက် ကြည့်ရှုမှုသာရှိကာ အမှန်တကယ်လုပ်ဆောင်မှုမရှိသေးကြောင်း ငှက်ပျောစိုက်ပျိုးသူများကပြောသည်။ “ငှက်ပျောက ရာသီဥတု ဒဏ်ကိုမခံနိုင်ဘူး။ ရာသီဥတုဒဏ်ခံနိုင်အောင် တစ်သျှူးပြောင်းပြီးစိုက်ပျိုးလာကြတယ်။ အဲဒီလိုလုပ်တဲ့အတွက် ရောဂါဒဏ်၊ ရာသီဥတုဒဏ်ကို ခံနိုင်လာပါတယ်။ ဒါပေမယ့် ငှက်ပျောစိုက်တဲ့သူတွေက နည်းပညာပိုင်းဆိုင်ရာအားနည်းတာကြောင့် တစ်သျှူးပြောင်း စိုက်ပျိုးတာတွေထက် မိရိုးဖလာသီးတဲ့ဟာကို ပြန်စိုက်တဲ့ပုံစံမျိုးကို သုံးနေကြတယ်။ အဲဒါကြောင့် တိုးတက်မှုရှိ မလာတာဖြစ်နိုင်ပါတယ်” ဟု ငှက်ပျောစိုက်တောင်သူ ဦးသိန်းအောင်ကပြောသည်။

“အခုက အကုန်လုံး ကိုယ့်ဘာသာကိုယ်ရှာနေရတာ။ သက်ဆိုင်ရာက ဘာမှပံ့ပိုးကူညီမှုမပေးဘူး။ ကျွန်တော်တို့ ကာယကံရှင်ကိုယ်တိုင်ပဲ ရှာလုပ်ရတော့တာပေါ့။ လုပ်ငန်းကိုင်ခန်းတွေကလည်း အဆင်မပြေကြဘူး၊ အဲဒီအတွက် လုပ်ကိုင်စားရတာ အဆင်မပြေကြတဲ့အထဲ ဒါမျိုးဖြစ်လာတော့ ပြည်ပသွားပြီးအလုပ်လုပ်ကြတာတွေအထိပါဖြစ်လာတယ်”ဟု ၎င်းကဆက်လက်ပြောသည်။ ပြည်တွင်း၌ ဖိုကြမ်း၊ သီးမွှေးနှင့်ရွှေနီစသည့်ငှက်ပျောမျိုးများကို အဓိကစိုက်ပျိုးကြပြီး ဖိုကြမ်းကို အများဆုံးစိုက်ပျိုးကြကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ငှက်ပျောစိုက်ဧကမှာ ၁၀ သိန်းကျော်ခန့်ရှိကြောင်းသိရသည်။

**Source:** မြန်မာတောင်သူကြီးများ ဂျာနယ်

http://htwettoe.com/article-details/news/9920566

## ဂန္ဓမာပန်းဈေးကွက် ကောင်းမွန်သဖြင့် စိုက်ပျိုးသူများ အဆင်ပြေ



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်း၌ ဂန္ဓမာပန်းဈေးကွက်ကောင်းမွန်သောကြောင့် စိုက်ပျိုးသူများအဆင်ပြေလျက်ရှိကြောင်းသိရသည်။ ယခုနှစ် ဂန္ဓမာပန်းဈေးကွက်မှာ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင်သာ ဈေးကွက်ပျက်ခဲ့ပြီး အခြားလများတွင် ဈေးကွက်ကောင်းမွန်ကြောင်း၊ လက်ရှိတွင် ရွှေဝါဝင်းဂန္ဓမာပန်းပွင့် ၁၅ ပွင့်ပါ တစ်စည်းလျှင် ဖောက်သည်ဈေးငွေကျပ် ၅၀၀၊ ကြွေဖြူ တစ်စည်းလျှင် ငွေကျပ် ၆၀၀ ဖြင့် ရောင်းချကြကြောင်းနှင့် မြေတစ်ဧကလျှင် ဂန္ဓမာပန်းမျိုး ၅၀၀၀၀ စိုက်ပျိုးပြီး ငွေကျပ်သိန်း ၃၀ ကျော်အထိ ရရှိကြောင်း ပန်းစိုက်ပျိုးသူတစ်ဦးကပြောသည်။

ဂန္ဓမာပန်းစိုက်ရန်အတွက် ပထမဦးစွာ ထယ်ရေးပြင်ခြင်းကို စနစ်တကျပြုလုပ်ကြရကြောင်း၊ ထယ်ရေးပြင်ပြီးသည်နှင့် ပေါင်များကို တစ်ပေါင်နှင့်တစ်ပေါင်ကြား တစ်တောင်ခန့်ခြားထားကာ ရေပိုက်လမ်းအဖြစ် ထားရှိကြရကြောင်း၊ ဂန္ဓမာပန်းပျိုးပင်များကို ပျိုးပင်တစ်ပင်လျှင် ငွေကျပ် ၁၀ မှ ၁၂ ကျပ် အထိပေးရကြောင်း၊ လက်ရှိတွင် ပန်းပေါင် တစ်ပေါင်လျှင် အပင်အရေအတွက် ၁၂၀၀ ဝင်ဆံ့သည့် ပမာဏအတိုင်းအတာဖြင့် စိုက်ပျိုးထားကြောင်း၊ မြေအနေအထားအလိုက် ပေါင်အတိုအရှည်ကို လိုသလိုပြုလုပ်ကာ မြေတစ်ဧကလျှင် ပန်းပင် ၅၀၀၀၀ စိုက်ပျိုးကြကြောင်းနှင့် တစ်ဧကစိုက်ပျိုးမည်ဆိုပါက ပန်းပေါင်များကို ရက်ခြားကာ စိုက်ပျိုးလေ့ရှိကြောင်းသိရသည်။

ပန်းပျိုးပင်စတင်မစိုက်ပျိုးမီ ခြဆေးများခံထားရပြီး စတင်စိုက်ပျိုးမည့်နေ့တွင် ရှေ့မှပန်းပေါင်ကို ရေစိုနေအောင် လောင်းကာ နောက်မှမြေအတွင်း ထိုးစိုက်ရကြောင်း၊ ထိုသို့ပန်းစိုက်ပြီးသည်မှစကာ ရေလောင်းရကြောင်း၊ ရေလောင်းမှုတွင် ရာသီဥတုပူပါက တစ်နေ့လျှင် သုံးကြိမ်အထိလောင်းရပြီး ရာသီဥတုအေးပါက နှစ်ကြိမ်သာလောင်းရကြောင်း၊ ပန်းပင်များဖြစ်ထွန်းအောင်မြင်ရန်အတွက် ၁၅ ရက်တစ်ကြိမ် မြေဆီကျွေးပေးရကြောင်း၊ စိုက်ပြီးသုံးလကျော်၊ လေးလအရောက်တွင် ပန်းများ ဈေးကွက်အတွင်း ရောင်းချနိုင်သည့်အနေအထားသို့ရောက်ရှိကြောင်း၊ မန္တလေးမြို့အနီးရှိ စိုက်ခင်းများမှာ စန်းဘား၊ ကြွေဖြူနှင့် လက်ကီးမျိုးများကို အများစုစိုက်ပျိုးကြောင်း၊ ဂန္ဓမာပန်းပင်တစ်ပင်လျှင် အပွင့်ကိုးပွင့်မှဆယ်ပွင့်အထိ ပွင့်ကြောင်း၊ လက်ရှိတွင် ပန်းဈေးကွက်ကောင်းမွန်သည့်အတွက် နွေရာသီစိုက်ခင်းအဖြစ် ပန်းစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးလျက် ရှိကြောင်း ဂန္ဓမာပန်း စိုက်ပျိုးသူတစ်ဦး၏ ပြောပြချက်အရသိရသည်။

**Source:** https://myawady.net.mm/node/1049

## မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးလျော့ကျမှုနှင့်အတူ ကုန်စည်ပို့ဆောင်ခ ထက်ဝက်ခန့်ကျဆင်း

မြန်မာ-တရုတ်နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးကျဆင်းနေခြင်း ကြောင့် ကုန်စည်ပို့ဆောင်ခ ဈေးနှုန်းများ ထက်ဝက်ကျော်ကျဆင်းလာကြောင်း မူဆယ်အဝေးပြေးကုန်စည်ပို့ဆောင်ရေးအသင်းဥက္ကဋ္ဌ ဦးဝင်းအောင်ခန့်ကပြောသည်။ နေ့စဉ်ကုန်တင်ယာဉ် အစီးရေ တစ်ထောင်ကျော်ဖြင့် ကုန်သွယ်နေသော မြန်မာပြည်မြောက်ပိုင်း ကုန်သွယ်ရေးလမ်းကြောင်းတွင် ကုန်စည်စီးဆင်းမှု



နေးကွေးနေသည်။ ကျန်းမာရေး အကြောင်းပြချက်ဖြင့် မြန်မာ-တရုတ်နယ်စပ်ဖြတ်သန်းမှု တင်းကျပ်ထားသဖြင့် ကုန်သွယ်မှု လျော့နည်းခြင်းဖြစ်သည်။ ထိုအခြေအနေက နှစ်နိုင်ငံကုန်စည် ကူးသန်းရောင်းဝယ်မှုအတွက် အဓိကအခန်းကဏ္ဍမှပါဝင်နေသော ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများအပေါ်ရိုက်ခတ်လာသည်။ လက်ရှိကုန်စည်ပို့ဆောင်ခများမှာ မူဆယ်မှ မန္တလေးသို့ ၁၂ ဘီး ကားတစ်စီးလျှင် ၁၁ သိန်းကျပ်၊ ၂၂ ဘီးတွဲ ကားတစ်စီးလျှင် ၁၄ သိန်းကျပ်ဈေးရရှိသည်။

မြန်မာနိုင်ငံတွင် COVID-19 ကပ်ရောဂါစတင်ဖြစ်ပွားချိန်တွင် ကုန်စည်ပို့ဆောင်ခများနှင့်နှိုင်းယှဉ်လျှင် ကုန်တင်ယာဉ်ပိုင်ရှင်များအတွက် အကျိုးအမြတ်များစွာ လျော့နည်းသွားသည်။ ဧပြီလဆန်းတွင် ကပ်ရောဂါအကြောင်းပြချက်ဖြင့် တရုတ်အစိုးရက မူဆယ်အပါအဝင် နယ်စပ်ဂိတ်လေးခု ဖြတ်သန်းခွင့်ကိုတင်းကြပ်ခဲ့သည်။ ကုန်တင်ယာဉ်များကို ယာဉ်မောင်းအစားထိုးစနစ်ကို ကျင့်သုံးခဲ့၍ နယ်စပ်ဖြတ်သန်းဂိတ်များတွင် ကုန်တင်ယာဉ်ပိတ်ဆို့မှုဖြစ်ခဲ့ပြီး ကုန်စည်ပို့ဆောင်ခများမြင့်တက်ခဲ့သည်။ ၁၂ ဘီး ကားတစ်စီးအတွက် မူဆယ်မှမန္တလေးသို့ ကုန်စည်ပို့ဆောင်ခ ကျပ် ၁၇ သိန်း၊ ၂၂ ဘီးတွဲကား တစ်စီးအတွက် ကျပ် ၂၈ သိန်းဈေးဖွင့်ခဲ့သည်။ “အခုက ဈေးအရမ်းကျတော့ အချို့အုံနာတွေလည်း မဆွဲနိုင်ဘဲ ကားကိုရပ်ထားတယ်” ဟု ဦးဝင်းအောင်ခန့်ကပြောသည်။ လက်ရှိကုန်စည်ပို့ဆောင်ခနှုန်းထား များသည် ကုန်တင်ယာဉ်ပိုင်ရှင်တစ်ဦးအတွက် ဆုံးရှုံးမှုများစေသောနှုန်းထားမျိုးဖြစ်ကြောင်း မန္တလေးမြို့မှ ကုန်ကားပိုင်ရှင်တစ်ဦးကဆိုသည်။ မိုးရာသီကုန်တင်နိုင်သော တန်ချိန်ပမာဏက နွေရာသီထက် လျှော့ချထားသဖြင့် ကုန်တင်ယာဉ်ပိုင်ရှင်များအတွက် လုပ်ငန်းလည်ပတ်ရန်ခက်ခဲသည်ဟု ၎င်းကပြောသည်။

ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများနှင့် ဆန့်ကျင်ဘက်အဖြစ် ကုန်သည်များအတွက် လက်ရှိအချိန်မှာ မူဆယ်ဂိုဒေါင်တွင် ကုန်ပစ္စည်းများသိုလှောင်ထားရန် အခွင့်ကောင်းတစ်ခုဖြစ်နေသည်။ သယ်ယူပို့ဆောင်ရေးစရိတ် ကြီးမားသောနိုင်ငံတွင် ကုန်စည်ပို့ဆောင်ခဈေးနှုန်းများကျဆင်းခြင်းက ကုန်သည်များအတွက် အခွင့်အရေးတစ်ခုဖြစ်နေသည်ဟု မူဆယ်မြို့မှကုန်သည်အချို့ကပြောသည်။ “ကားခဈေးကျတော့ ဂိုဒေါင်တွေမှ လှောင်ထားဖို့သယ်တာတွေရှိတယ်”ဟု မူဆယ် ဆန်ကုန်စည်ဒိုင် ဒုတိယ ဥက္ကဋ္ဌ ဦးမင်းသိန်းကပြောသည်။ တစ်ရက်လျှင် အိတ်ရေ သုံးသောင်းခန့် တရုတ်နိုင်ငံသို့ တရားဝင်ဆန်ရောင်းချနေရသော်လည်း မူဆယ်မြို့သို့ ဆန်အဝင်ပိုများသည်ဟု ၎င်းကဆိုသည်။ လက်ရှိပြည်တွင်းဆန်ဈေးတက်လာသော်လည်း တရုတ်ကုန်သည်များဖွင့်သည့် ဈေးနှုန်းကလိုက်ပါမြင့်တက်ခြင်းမရှိသဖြင့် အကျိုးအမြတ်နည်းဟု၎င်းကဆိုသည်။

**Source:** https://7day.news/detail?id=196719

## ယခုလအတွင်း က.ည.န တွင် နေ့စဉ် အမည်ပေါက်ပြောင်းသည့် ယာဉ်များ ယခင်လထက်ပိုများ

ယခုလအတွင်း ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (က.ည.န) တွင် နေ့စဉ်အမည်ပေါက် ပြောင်းလဲသည့်ယာဉ်များသည် ယခင်လများထက် ပိုမိုများပြားနေကြောင်း က.ည.န (ရန်ကုန်) မှ တိုင်းဦးစီးမှူး ဦးသိန်းထွဋ်၏ပြောကြားချက်အရသိရသည်။ အဆိုပါ အမည်ပေါက်ပြောင်းလဲသည့်ယာဉ် များပြားလာခြင်းသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အခွန်စည်းကြပ်မှုမှ လွတ်ကင်းနေသော ဝင်ငွေအပေါ် ကောက်ခံမည့်အခွန်တိုးမြင့်ရန်ရှိနေခြင်းနှင့် သက်ဆိုင်နိုင်ကြောင်း၊ ဇွန်လမှစတင်ကာ က.ည.န အနေဖြင့် ဝန်ဆောင်မှုလုပ်ငန်းများကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီး စတင်ဆောင်ရွက်ချိန်တွင် အမည်ပေါက်ပြောင်းယာဉ်အစီးရေ နှစ်သောင်းခန့်သာရှိခဲ့သော်လည်း ဇူလိုင်လတွင် သုံးသောင်းခွဲကျော်အထိမြင့်တက်ခဲ့သည်။ ဩဂုတ်လတွင်လည်း နေ့စဉ် အမည်ပေါက်ပြောင်းယာဉ်အဖြစ်ဆောင်ရွက်ရန် အစီးရေရာနှင့်ချီရှိနေပြီး အမည်ပေါက်ပြောင်းယာဉ်လုပ်ငန်း စတင်ခဲ့သည့် ဇန်နဝါရီလမှ မတ်လကုန်အထိ ဆောင်ရွက်ခဲ့သော ယာဉ်အစီးရေ သုံးသောင်းကျော်ရှိခဲ့ကြောင်းသိရသည်။ "အမည်ပေါက်ပြောင်းတဲ့နေရာမှာ လူစုလူဝေးမဖြစ်အောင် အွန်လိုင်းစနစ်နဲ့ ဆောင်ရွက်ပေးနေတာတွေရှိပါတယ်။ လက်ရှိမှာတော့ လုပ်ဆောင်ဖို့ စောင့်ဆိုင်းနေတဲ့အစီးရေ ရာချီရှိနေပါတယ်။ အခုဖြေလျှော့ပေးတဲ့အခွန်ကလည်း စက်တင်ဘာလ

နောက်ဆုံးသတ်မှတ်ထားတာဖြစ်လို့  ဒီကာလအတွင်းမှာ ယာဉ်ပိုင်ရှင်တွေအနေနဲ့ မဖြစ်မနေ ယာဉ်အမည်ပေါက် ပြောင်းလဲကြဖို့ တိုက်တွန်းထားပါတယ်'' ဟု ဦးသိန်းထွဋ်က ပြောသည်။

၂၀၁၉ ခုနှစ်မှစတင်ကာ အမှုအခင်းကိစ္စရပ်များအပါအဝင် မော်တော်ယာဉ်နှင့် ဆက်စပ်သည့်ပြဿနာ တစ်စုံတစ်ရာပေါ်ပေါက်လာပါက အလွယ်တကူဖြေရှင်းနိုင်ရန် မော်တော်ယာဉ်အားလုံးကို ပိုင်ရှင်အမည်ပေါက်နှင့် နေရပ်လိပ်စာ မှန်ကန်စေရန်ကြိုးပမ်းခဲ့ပြီး အခွန်ကိုလည်း ဖြေလျှော့ပေးခဲ့ကြောင်းသိရသည်။

**Source:** https://myawady.net.mm/node/1050

## ရှေးဟောင်းစေတီပုထိုးများရှိသော အောင်နန်းကျေးရွာကို ခရီးသွားယဉ်ကျေးမှု ဇုန်တစ်ခုဖြစ်လာစေရန်ဆောင်ရွက်မည်





မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် ရှေးဟောင်းစေတီပုထိုးများရှိသော အောင်နန်းကျေးရွာကို အနုပညာလက်ရာများနှင့် သမိုင်းကြောင်းနောက်ခံများအား လည်ပတ်လေ့လာနိုင်သည့် ခရီးသွားယဉ်ကျေးမှုဇုန်တစ်ခု ဖြစ်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရှေးဟောင်းသုတေသနပညာအသင်းမှသိရသည်။

အဆိုပါကျေးရွာရှိ ရှေးဟောင်းအမွေအနှစ်များအား တိုင်းဒေသကြီးအဆင့် ယဉ်ကျေးမှုအမွေအနှစ်ဇုန်တစ်ခုအဖြစ် သတ်မှတ်နိုင်ရေးအတွက် ရှေးဟောင်းသုတေသနဆိုင်ရာ စစ်တမ်းကောက်ယူခြင်းလုပ်ငန်းအား မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။ "မြေပြင်ကွင်းဆင်းတိုင်းတာရေးနဲ့ ရှေးဟောင်းသုတေသနဆိုင်ရာကွင်းဆင်းလေ့လာရေးလုပ်ငန်းတွေကို စတင်ဆောင်ရွက်နေပါပြီ။ အောင်နန်းရွာက ရှေးဟောင်းသာသနိကအဆောက်အအုံတွေရဲ့ အနုပညာလက်ရာတွေဟာ ထူးခြားဆန်းပြားလှပါတယ်။ အဲ့ဒီအနုပညာလက်ရာနဲ့ သမိုင်းကြောင်းနောက်ခံတွေကို အများပြည်သူ လည်ပတ်လေ့လာနိုင်အောင် ဆောင်ရွက်သွားမှာပါ"ဟု မြန်မာနိုင်ငံရှေးဟောင်းသုတေသနပညာအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ အောင်နန်းရွာသည် တစ်ချိန်က ချမ်းသာကြွယ်ဝခဲ့သည့် ရွာကြီးတစ်ရွာဖြစ်ခဲ့သော်လည်း ယခုအခါ အိမ်ထောင်စု တစ်ရာကျော်သာတည်ရှိနေသည့် ရွာလေးတစ်ရွာအဖြစ် ပြောင်းလဲကျန်ရှိနေခြင်းဖြစ်ကြောင်းသိရသည်။

**Source:** https://pyimyanmarnews.com/

## တောင်ကြီးမြို့နယ်၌ သစ္စာပန်းများ ဈေးကျဆင်းခြင်းကြောင့် စိုက်ပျိုးတောင်သူများ အမြတ်နည်းပါး

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ဒုံခရာကျေးရွာတွင် စိုက်ပျိုးထားသော သစ္စာပန်းများ ဈေးကျဆင်းခြင်းကြောင့် စိုက်ပျိုး တောင်သူများ အမြတ်ငွေနည်းပါးကြောင်း သစ္စာပန်း စိုက်ပျိုးတောင်သူများထံမှသိရသည်။ ''သစ္စာပန်းစိုက်တာ ရှစ်နှစ်လောက်ရှိပါပြီ။ သစ္စာပန်းက မျိုးဥကိုစိုက်ရတာ ဧပြီလကုန်လောက်ဆို စပြီးစိုက်ပါတယ်။ စိုက်ပြီး တစ်လလောက်နေရင် ပေါင်းရှင်းပြီး ပေါင်လုပ်ပေးပါတယ်။ မိုးကျပြီဆိုတာနဲ့ မြေသြဇာကျွေးရတယ်။ ဇူလိုင်လလောက်ဆို ပန်းတွေစပြီးခူးလို့ရပါပြီ။ တစ်ခါစိုက်ထားပြီး ဖေဖော်ဝါရီလဆို ပန်းဥမျိုးကို ပြန်တူး ထားလို့ရတယ်။ နောက်နှစ်မြေအသစ်မှာ ပြန်စိုက်ရတယ်။



ဒီနှစ် စိုက်ပြီးသားမြေမှာ ပြန်စိုက်ရင် ပန်းလည်းမလှဘူး၊ မျိုးဥလည်းပြန်မရဘူး။ အရင်နှစ်က သစ္စာပန်းပေါ်စမှာ ၁၀ ပင် တစ်စည်းကို ဖောက်သည်က ၁၀၀၀ နဲ့လာယူတယ်။ လှိုင်လှိုင်ထွက်တော့လည်း တစ်စည်းကို ၈၀၀ လောက်ထိရတော့ ၁၀ သိန်းလောက်ရင်းတာ သိန်း ၃၀ လောက်ပြန်ရတယ်။ ဒီနှစ်တော့ ရာသီဥတုကလည်း မကောင်း၊ COVID ရောဂါကလည်းဖြစ်တော့ ပန်းပေါ်စမှာ လာဝယ်သူမရှိဘူး။ ဒီနှစ်က ၁၀ သိန်းကျော် ရင်းထားတာတောင် သိန်း ၂၀ လောက်ပဲ ပြန်ရသေးတယ်။ ပန်းတွေကိုတော့ တောင်ကြီးက ဖောက်သည်တွေက ရွာထဲထိ လာဝယ်ကြတယ်" ဟု ဒုံခရာကျေးရွာမှ သစ္စာပန်းစိုက်ပျိုးတောင်သူ ဒေါ်နန်းနွယ်ကပြောသည်။

အဆိုပါ ဒုံခရာကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ကြရာ သစ္စာပန်း၊ ပန်းထိမ်ငိုပန်း၊ ပြောင်း၊ မြေပဲ၊ ကြက်သွန်ဖြူနှင့် စတော်ဘယ်ရီများကို ရာသီအလိုက်စိုက်ပျိုးကြပြီး နှစ်ရှည်သီးပင်အဖြစ် ထောပတ်များစိုက်ပျိုးကြသည်။ ဒုံခရာကျေးရွာ၌ သစ္စာပန်းပေါ်ချိန်တွင် ၁၀ ပင်တစ်စည်း အရိုးရှည်လျှင် ငွေကျပ် ၆၅၀၊ အရိုးတိုလျှင် ငွေကျပ် ၅၀၀ ရှိသဖြင့် စိုက်ပျိုးသူများ အမြတ်ငွေနည်းပါးလျက်ရှိကြောင်း သိရသည်။

**Source:** https://myawady.net.mm/node/1029

## ရခိုင်ပြည်နယ်တွင် ကုန်စည်စီးဆင်းမှု ပြန်လည်အသက်ဝင်ရေး နည်းလမ်းရှာနေကြောင်း ပြည်နယ်ကုန်သည်စက်မှုအသင်း ဥက္ကဋ္ဌပြော

COVID-19 အခြေအနေကြောင့် ရခိုင်ပြည်နယ်တွင် ကုန်စည်စီးဆင်းမှုရပ်ဆိုင်း၍ ကုန်ဈေးနှုန်းများ တစ်စတစ်စမြင့်တက်လာသဖြင့် ကုန်စည်စီးဆင်းမှုပြန်လည် အသက်ဝင်ရေးနည်းလမ်းရှာနေသည်ဟု ရခိုင်ပြည်နယ် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးတင်အောင်ဦးက ပြောကြားသည်။ ရခိုင်ပြည်နယ် စစ်တွေမြို့တွင် COVID-19 ကူးစက်မှုအရှိန် မြင့်တက်လာခြင်းကြောင့် စစ်တွေမြို့ကို အစိုးရက Semi-lockdown ချမှတ်ထားသည်။ လက်ရှိတွင် စစ်တွေမြို့သို့ ဝင်ရောက်လာသည့် ကုန်တင်ကားများ ရပ်ဆိုင်းတော့မည်ဖြစ်ပြီး လက်ကျန်ကုန်ပစ္စည်းများ ကုန်တော့မည်ဟု ဦးတင်အောင်ဦးကဆိုသည်။ “ရေရှည်ဖြစ်လာရင်တော့ ရခိုင်မြောက်ပိုင်းမှာ ကုန်စည်တွေ အခက်အခဲတွေဖြစ်သွားမယ်၊ စားသောက်ကုန်တွေနဲ့ အခြေခံစားကုန်တော့ ဖြစ်ခါစမှာ နည်းနည်းတော့တက်သွားတာရှိတယ်၊ အခုတော့ နည်းနည်းငြိမ်သွားပြီ။ ဒါပေမဲ့ ရေရှည်မှာ အခက်အခဲဖြစ်လာနိုင်တယ်” ဟု ဦးတင်အောင်ဦးကပြောသည်။

လက်ရှိတွင် ရခိုင်ပြည်နယ်တွင် စားသောက်ကုန်များရှိနေသော်လည်း ပြည်မမှကုန်ပစ္စည်းများ လက်ကျန်နည်းလာ၍ ဈေးမြင့်တက်လာပြီး ကုန်တင်ကားများသည် စနေ၊တနင်္ဂနွေကစတင်ကာ ရခိုင်ပြည်နယ်သို့ အဝင်အလွန်နည်းသွားသည်ဟု ၎င်းကဆိုသည်။ ဖြစ်နိုင်ခြေရှိသောနည်းလမ်းမှာ ကုန်ကားများကို အမ်းမြို့နယ်အစပ်သို့လာရောက်ပြီး ကုန်ကားများဖြင့် ပြန်လည်သယ်ယူရန်ဖြစ်သည်ဟု ၎င်းကဆိုသည်။ ထိုနည်းလမ်းဖြစ်နိုင်ရေးအတွက် အခြားတိုင်းဒေသကြီး အစိုးရများက ခွင့်ပြုရန်လိုနေသည်ဟု ဦးတင်အောင်ဦးကပြောသည်။ ရခိုင်ပြည်နယ်ရှိ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းသည်လည်း COVID-19 ကူးစက်မှုကြောင့် ရပ်ဆိုင်းထားရသည်ဟု မောင်တောင်နယ်စပ်ကုန်သွယ်ရေး ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းက ပြောကြားသည်။ နယ်စပ်ကုန်သွယ်ရေး ဆောင်ရွက်နေသူတစ်ဦး COVID-19 အတည်ပြုတွေ့ရှိပြီးနောက် မောင်တောနှင့်စစ်တွေ ကုန်သွယ်ရေးစခန်းကို လွန်ခဲ့သည့်တစ်လခန့်က ပိတ်ထားခဲ့သည်။

**Source:** https://7day.news/detail?id=196718

## မိုးနှမ်းစိုက်တောင်သူများ နှမ်းရိုးမဲရောဂါအပြင် မိုးဦးခေါင်၍ အပူချိန်လွန်ကဲမှုကြောင့် ဆုံးရှုံးနစ်နာမှုများဖြစ်ပေါ်

စစ်တောင်းမြစ် အရှေ့ဘက်ကမ်းတစ်လျှောက်ရှိ နှမ်းသီးနှံများ နှမ်းရိုးမဲရောဂါနှင့်အပူချိန်ပြင်းမှုကြောင့် ဆိုးရွားစွာ အထွက်နှုန်းထိခိုက်ခဲ့သည်။ တချို့တံစဉ်လွတ်ကြသည်။ နှမ်းကိုအဓိကစိုက်ကြတာ။ ဒီဘက်က ဘာဆေးမှမသုံးဘဲ နှမ်းဖြစ်တယ်။

ဆေးမသုံးပဲတောင် ၁ ဧကကို ၆ တင်းကနေ ၈ တင်းထိက ပုံမှန်အထွက်ကောင်းပဲ။ ဒီနှစ် မိုးနှမ်းကတော့ ရိုးမဲရောဂါကျ သွားတာ ဘာဆေးမှ မမီလိုက်ဘူး။ အကုန်နီးပါးဆုံးရှုံးလိုက်ရတာ။ အပင်ငယ်ငယ် ရိုးမဲကျရင်တော့ ဆေးဖျန်းလို့ရသေးတယ်။ ခုက အပွင့်တုံးချိန်လောက်မှ ရိုးမဲကျတော့ အပင်အရပ်က တအားမြင့်နေပြီ။ ဆေးဖျန်းလို့ မရေတာ့ဘူး။ အဲဒါမှာ ပိုဆိုးသွားတာပဲဟု စစ်တောက်မြစ်အရှေ့ကမ်း ဆွာမြို့နယ် ကတို့ဆိပ်ကျေးရွာမှ တောင်သူဦးမောင်ဆန်းမှပြောသည်။

နှမ်းရိုးမဲမကျသော တချို့အခင်းများမှာ သဲနုန်းမြေဖြစ်သောကြောင့် မိုးဥ္ဦးခေါင်၍ အပူချိန်ပြင်းသောအခါ နှမ်းပင်ငယ်များမှာ ရေပြတ်၍ အပူရှော့ရိုက်ကာ အပင်ကြီးထွားနှုန်းနှေးခဲ့သည်။ တစ်လခွဲကျော်ချိန်မှ မိုးရွာလာသောအခါ ပေါင်းမြက်များလွှမ်းမိုးမှု ခံရသည်။ ရိုးမဲမကျတဲ့အခင်းတွေကျတော့လည်း အဲ့တုန်းက အပူချိန်တအားပြင်းတယ်။ မိုးဦးခေါင်လိုက်တော့ ရေကလည်း လုံးဝမရတော့ မိုးကြိုရေသွင်းလိုက်တာပေ့ါ။ အဲ့ချိန်ကျတော့ အပင်ကငယ်သေး ပေါင်းမြက်လည်းမရှိသေးဘူး။ ဒါပေမယ့် နေပူမိပြီး အပင်ကဝပ်နေတာ ထင်သလောက်မကြီးလာတော့ဘူး။ တစ်လခွဲလောက်မှ မိုးလေးဆက်တိုက်လည်းရွာလာရော ပေါင်းမြက်က တဟုန်ထိုးထလာတော့တာပဲ။ အဲ့တော့ နေပူမိပြီး ဝပ်နေတဲ့နှမ်းပင်တွေကို ပေါင်းမြက်က အုပ်သွားတော့တာပဲပေါ။ အဲ့တည်းက ပေါင်းမြက်ကိုမနိုင်တော့ဘဲ နှမ်းပင်ကကျန်ခဲ့ပြီး မအောင်တော့ဘူးလေ။ တချို့ယာခင်းတွေ ရိတ်တောင်မရိတ်ရတော့ဘူး။ ဦးလေးနှမ်း ၆ ဧကလုပ်တာ ၁၀ တင်းတောင် ပြည့်ပြည့်မရတော့ဘူးဟု တောင်သူဦးမောင်ဆန်းမှ ဆက်လက်ပြောသည်။

ယခုနှစ်တွင် နှမ်းဈေးကွက်မှာ ၁၅ ပိဿာ ကို ၄၅၀၀၀ မှ ၆၅၀၀၀ ကျပ်အထိ ပုံမှန်ပေါက်ဈေးရှိခဲ့သော်လည်း နှမ်းစိုက်တောင်သူအများစု သီးနှံဆုံးရှုံးမှုများကြောင့် ယခုနှစ်တွင် များစွာဆုံးရှုံးနစ်နာခဲ့သည်။

Source: https://greenwaymyanmar.com/posts/losses_of_sesame

## တောင်ကြီးမြို့အနီးတဝိုက်၌ ငွေနှင်းမှိုစိုက်ပျိုးမှုများပြားပြီး ကောက်ရိုးမှိုစိုက်ပျိုးသူ မရှိသလောက်ရှားပါး



ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးမြို့အနီးတဝိုက်၌ မှိုစိုက်ပျိုးရေး လုပ်ကိုင်သူများပြားသော်လည်း ငွေနှင်းမှိုစိုက်ပျိုးသူများပြားပြီး ကောက်ရိုးမှိုစိုက်ပျိုးသူများ မရှိသလောက် နည်းပါးကြောင်း သိရသည်။

ကောက်ရိုးမှိုက စိုက်တဲ့သူမရှိသလောက်ဖြစ်နေတယ်ဗျ။ ရာသီဥတု အတက်အကျမြန်တာရယ် ကုန်ကြမ်းရှားလာတာရယ်ကြောင့်လို့ ထင်တယ်ဗျ။ ကောက်ရိုးမှိုစိုက်တဲ့အခါ ဒီဒေသမှာက နွားချေးသုံးကြတာများတယ်ဗျ။ နွားချေးက ရှားလာတယ်လေ။ ဗေဒါကျတော့လည်း နေရာတိုင်းမရနိုင်ဘူးဗျ။ ငွေနှင်းမှိုကိုတော့ တောင်ကြီးအနီးအနားဒေသတွေမှာ တော်တော်များများစိုက်ကြတယ်ဗျ။ ကုန်ချောအနေနဲ့က ငွေနှင်းမှိုကို မှိုဆီကြော်လုပ်ကြတယ်ဗျဟု ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နယ်၊ ရွှေညောင်မြို့မှ ငွေနှင်းမှိုစိုက်ပျိုးထုတ်လုပ်နေသူ ကိုပြည့်မြတ်နိုးကပြောသည်။

၎င်းဒေသတွင် ငွေနှင်းမှိုတစ်ပိဿာလျှင် ဒိုင်သွင်းဈေး ၂၅၀၀ ကျပ်၊ ကောက်ရိုးမှိုတစ်ပိဿာလျှင် ဒိုင်သွင်းဈေး ၅၅၀၀ ကျပ်၊ ၆၀၀၀ ကျပ် ဈေးနှုန်းများဖြင့် ရောင်းချနေကြကြောင်း သိရသည်။ ထွက်နှုန်းက ဒီအချိန်များတယ်ဗျ။ အခုလက်ရှိ ဒေသမှို (သဘာဝမှို) တွေ အထွက်များတာကော စိုက်ခြံများ လာတာကောပါမယ်ထင်တယ်။ ဈေးက အရင်လောက်မရတော့ဘူးဗျ။ ထွက်လာတဲ့ငွေနှင်းမှိုတွေကိုလည်း တောင်ကြီးကိုပဲ တင်ပို့ကြတာများတယ်ဗျ။ တချို့တော့ နီးစပ်ရာဈေးပဲပို့ကြတယ်ဟု ကိုပြည့်မြတ်နိုးက ဆက်လက်ပြောသည်။ ပထမအကြိမ် ရှမ်းပြည်နယ်တောင်ပိုင်း မှိုစိုက်ပျိုးမွေးမြူသင်တန်းကို ၂၀၁၈ ခုနှစ် မေလက တောင်ကြီးမြို့ (အေးသာယာ) ၌ ကျင်းပခဲ့ပြီး သင်တန်းသား (၂၈)ဦးတက်ရောက်ခဲ့သည်။

**Source:** https://greenwaymyanmar.com/posts/less_growing_of_straw_mushroom_farmers

## အောင်ပန်းနှင့် တောင်ကြီးဒေသထွက်အာလူးနှင့်ကြက်သွန်ဖြူများ ဖြန့်ဖြူးရောင်းချ



ဒေသတွင်းစားသုံးမှုဖူလုံစေရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စွာ လည်ပတ်နိုင်စေရန်အတွက် သမဝါယမကဏ္ဍမှ အထောက်အကူပြုဆောင်ရွက်မှုအနေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း/တောင်ပိုင်း) အောင်ပန်းမြို့နယ်နှင့် တောင်ကြီးမြို့နယ်မှ ဒေသထွက်အာလူးနှင့် ကြက်သွန်ဖြူများကို ကရင်ပြည်နယ်သမဝါယမအသင်းစုချုပ်က ဝယ်ယူ၍ ယမန်နေ့က ကရင်ပြည်နယ်အတွင်း ဘားအံ၊ လှိုင်းဘွဲ့၊ မြဝတီ၊ ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ သံတောင်ကြီးနှင့်ဖာပွန်မြို့နယ်များရှိ ဌာနဆိုင်ရာဝန်ထမ်းများ၊ သမဝါယမ အသင်းသား၊ အသင်းသူများထံသို့ အာလူးတစ်ပိဿာလျှင် ငွေကျပ် ၉၀၀ နှုန်းဖြင့် စုစုပေါင်းအာလူးပိဿာချိန် ၁၉၀၀ နှင့် ကြက်သွန်ဖြူတစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀ နှုန်းဖြင့် စုစုပေါင်းကြက်သွန်ဖြူပိဿာချိန် ၁၉၀၀ ကို ဒေသပေါက်ဈေး ထက် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရန် ဖြန့်ဖြူးရောင်းချပေးခဲ့ကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## မြန်မာနဲ့ အာဆီယံအကြား အခုနှစ် ပထမ (၉) လအတွင်း ကုန်သွယ်မှုပမာဏ ဒေါ်လာ ၁၀ ဘီလီယံနီးပါးရှိ

မြန်မာနဲ့ ASEAN နိုင်ငံတွေကြား ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ပထမ ၉ လပတ်ကာလအတွက် ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၉.၉ ဘီလီယံရှိတယ်လို့ မြန်မာနိုင်ငံ စီးပွားကူးသန်းဝန်ကြီးဌာနအချက်အလက်တွေကို ကိုးကားပြီး Xinhua သတင်းဌာနက ပြောပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာ ၁ ရက်နေ့ကနေ ဇွန်လ ၃၁ ရက်နေ့ကြား မြန်မာနိုင်ငံက အမေရိကန်ဒေါ်လာ ၃.၆ ဘီလီယံ တန်ဖိုးရှိတဲ့ ကုန်ပစ္စည်းတွေကို ASEAN နိုင်ငံတွေကို တင်ပို့ခဲ့ပြီး သွင်းကုန်တန်ဖိုးက ဒေါ်လာ ၆.၃ ဘီလီယံရှိတာပါ။ ASEAN နိုင်ငံတွေထဲ ထိုင်း၊ စင်ကာပူနဲ့ မလေးရှား နိုင်ငံတွေနဲ့ အများဆုံးကုန်သွယ်ခဲ့ပြီး ထိုင်းနဲ့ကုန်သွယ်မှု တန်ဖိုး ပမာဏဒေါ်လာ ၃.၉ ဘီလီယံ၊ စင်ကာပူနဲ့ ၃.၃ ဘီလီယံနဲ့ မလေးရှား ၁ ဘီလီယံ အသီးသီးရှိတယ်လို့ စီးပွားကူးသန်းဝန်ကြီးဌာန အချက်အလက်တွေအရ သိရပါတယ်။ တခြားASEAN နိုင်ငံတွေဖြစ်တဲ့ အင်ဒိုနီးရှားနဲ့ကုန်သွယ်မှု ၁ ဘီလီယံနီးပါး၊ ဗီယက်နမ်နဲ့ သန်း ၆၀၀ ကျော် ရှိခဲ့ပါတယ်။ ဖိလစ်ပိုင်နဲ့ ဒေါ်လာ သန်း ၁၀၀ ကျော် ကုန်သွယ်ခဲ့သလို ကျန် ကမ္ဘောဒီးယား၊ လာအိုနဲ့ဘရူနိုင်းနိုင်ငံတွေတော့ မြန်မာနိုင်ငံက ဒေါ်လာ သန်းဆယ်နဲ့ ချီတဲ့ ကုန်သွယ်မှုတွေ ပြုလုပ်ခဲ့တာပါ။

မြန်မာနိုင်ငံက စိုက်ပျိုးရေးနဲ့ရေထွက်ကုန်၊ သယံဇာတ၊ တခြားထုတ်ကုန်တွေနဲ့ ရင်းနှီးကုန်စည်ပစ္စည်း capital goods ၊ ကြားခံ ကုန်စည်ပစ္စည်း intermediate goods နဲ့ စားသုံးကုန်ပစ္စည်း consumer goods တွေကို ASEAN နိုင်ငံတွေကို တင်ပို့ခဲ့တယ်လို့ Xinhua သတင်းက ပြောပါတယ်။

**Source:** https://burmese.voanews.com/a/myanmar-asean-trade-/5556310.html?nocache=1

## မြန်မာနဲ့ ဂျပန်နိုင်ငံသားတွေ အပြန်အလှန်ခရီးသွားခွင့် ရှေ့လမှာစတင်ခွင့်ပြုမည်

ကိုရိုနာဗိုင်းရပ်စ် ထိန်းချုပ်ရေးချမှတ်ထားတဲ့ စည်းမျဉ်းတွေကို ဖြေလျော့ပေးတဲ့အနေနဲ့ နှစ်နိုင်ငံမှာ ရောက်ရှိနေထိုင်ကြတဲ့ သက်ဆိုင်ရာနိုင်ငံသားတွေ အပြန်အလှန်ခရီးသွားရောက်ခွင့်ကို အစောဆုံး စက်တင်ဘာလထဲ ပြန်လည်ခွင့်ပြုပေးသွားဖို့ မြန်မာနဲ့ ဂျပန်နိုင်ငံတို့အကြား တနင်္လာနေ့က သဘောတူလိုက်ပါတယ်။ ဒီသဘောတူညီချက်ကို အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နဲ့ မြန်မာနိုင်ငံကိုရောက်ရှိနေတဲ့ ဂျပန်နိုင်ငံခြားရေးဝန်ကြီး Toshimitsu Motegi တို့နေပြည်တော် မှာ သဘောတူလက်မှတ်ရေးထိုးခဲ့တာဖြစ်ပါတယ်။

အခုသဘောတူညီချက်အရ နှစ်နိုင်ငံမှာ ရောက်ရှိနေတဲ့နိုင်ငံသားတွေနဲ့ နှစ်နိုင်ငံအတွင်း နှစ်ရှည်နေထိုင်ကြတဲ့သူတွေ အနေနဲ့ မိမိတို့သက်ဆိုင်ရာနိုင်ငံတွေကို ခရီးသွားဖို့ အပြန်အလှန်ခွင့်ပြုပေးမှာဖြစ်ပြီး သူတို့အနေနဲ့ ကပ်ရောဂါဆိုင်ရာချမှတ်ထားတဲ့ စည်းကမ်းတွေအရ နေအိမ်တွေမှာ ဒါမှမဟုတ် သီးခြားခွဲစောင့်ကြည့်ဖို့ သတ်မှတ်နေရာတွေမှာ ၁၄ ရက် နေထိုင်ရမှာဖြစ်ပါတယ်။

ဂျပန်နိုင်ငံက လတ်တလောမှာ နိုင်ငံပေါင်း ၁၄၆ နိုင်ငံက နိုင်ငံခြားသားတွေကို ပြည်ဝင်ခွင့်ပိတ်ပင်ထားပေမဲ့ မြန်မာအပါအဝင်စီးပွားရေးအရ ဆက်စပ်နေတဲ့ နိုင်ငံ ၁၆ နိုင်ငံနဲ့လူမှုစီးပွါးဆိုင်ရာ ဆောင်ရွက်မှုတွေပြန်ပြီးစတင်နိုင်ဖို့ ခရီးသွားတွေ အပြန်အလှန်လက်ခံခွင့်ပြုရေး ဆွေးနွေးနေခဲ့တာပါ။ ဂျပန်နိုင်ငံက မြန်မာနိုင်ငံအပြင် စင်္ကာပူ၊ မလေးရှား၊ကမ္ဘောဒီးယားနဲ့ လာအိုနိုင်ငံတွေနဲ့လည်း အခုလိုသက်ဆိုင်ရာနိုင်ငံသားတွေ စက်တင်ဘာလလောက်မှာ အပြန်အလှန်ခရီးသွားခွင့်ပြုဖို့ကို ဒီလထဲ သဘောတူညီချက်တွေ ရယူခဲ့ပါတယ်။ ဝန်ကြီး Motegi က Papua New Guinea၊ ကမ္ဘောဒီးယား၊ လာအိုနဲ့ မြန်မာနိုင်ငံအပါအဝင် လေးနိုင်ငံအလည်အပတ်ခရီးစဉ်နဲ့ အင်္ဂါနေ့အထိ မြန်မာနိုင်ငံကို အလည်အပတ်ရောက်ရှိလာတာလည်းဖြစ်ပါတယ်။

**Source:** https://www.facebook.com/VoA.Burmese.News/

## လာမည့်နှစ်တွင် နယ်သာလန်နိုင်ငံ၏ စီးပွားရေးပြန်လည်တိုးတက်ရန်မျှော်မှန်းထားပြီး ကိုဗစ် (၁၉) ၏ သက်ရောက်မှုများ ဆက်လက်တည်ရှိနိုင်

နယ်သာလန်နိုင်ငံ၏ စီးပွားရေးသည် ယခုနှစ်တွင် ၅ ဒသမ ၁ ရာခိုင်နှုန်းဖြင့် ကျဆင်းနိုင်ပြီး၊ စီးပွားရေးပြန်လည်နိုးထမှုသည် နှစ်ကုန်ပိုင်းတွင် ပြန်လည်စတင်နိုင်ကာ ၂၀၂၁ ခုနှစ်တွင် ၃ ဒသမ ၂ ရာခိုင်နှုန်းဖြင့် ပြန်လည်တိုးတက်နိုင်ကြောင်း နယ်သာလန်နိုင်ငံ၊ ဗဟိုစီမံကိန်းရုံး (CPB) ၏ မေခရီ စီးပွားရေးလေ့လာခန့်မှန်းချက်များကဆိုသည်။ သို့ရာတွင် လာမည့်နှစ်အတွင်း အလုပ်လက်မဲ့နှုန်း ၇ ရာခိုင်နှုန်းသို့ မြင့်တက်မှုနှင့်အတူ ကိုဗစ်(၁၉) ၏ သက်ရောက်မှုများဆက်လက်တည်ရှိလိမ့်မည်ဖြစ်ကြောင်းသိရသည်။

လာမည့်နှစ်တွင် စီးပွားရေးအစိတ်အပိုင်းအားလုံး အတိုင်းအတာတစ်ခုအထိ ပြန်လည်နာလန်ထူလာနိုင်မည်ဟု နယ်သာလန်နိုင်ငံ၊ ဗဟိုစီမံကိန်းရုံး (CPB)က မျှော်လင့်ထားသည်။ အိမ်ထောင်စုများ၏ စားသုံးမှုသည် ယခုနှစ်တွင် ၅ ဒသမ ၉ ရာခိုင်နှုန်းကျဆင်းမည်ဖြစ်ပြီး၊ လာမည့်နှစ်တွင် ၄ ဒသမ ၁ ရာခိုင်နှုန်းတိုးတက်မည်ဖြစ်ကြောင်း၊ ယခုနှစ်၏ ရင်းနှီးမြှုပ်နှံမှုသည် (-၇ ဒသမ ၅) ရာခိုင်နှုန်းဖြင့် ကျဆင်းခဲ့ပြီး၊ လာမည့်နှစ်တွင် ၄ ဒသမ ၄ ရာခိုင်နှုန်းဖြင့် တိုးတက်မည်ဟု ခန့်မှန်းထားသည်။ အလားတူ ပို့ကုန်အပိုင်း၌ ယခုနှစ်တွင် ၅ ဒသမ ၂ ရာခိုင်နှုန်းကျဆင်းမည်ဖြစ်ပြီး၊ လာမည့်နှစ်တွင် ၄ ဒသမ ၇ ရာခိုင်နှုန်းဖြင့် တိုးတက်မည်ဟုလည်းကောင်း၊ ယခုနှစ်၏ သွင်းကုန် သည် (-၃ ဒသမ ၇) ရာခိုင်နှုန်း ကျဆင်းမည်ဖြစ်သော်လည်း ၂၀၂၁ ခုနှစ်တွင် ၅ ဒသမ ၄ ရာခိုင်နှုန်း သို့တိုးတက်မည်ဟုလည်းကောင်း ယင်းကခန့်မှန်းထားပါသည်။

ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါသည် နယ်သာလန်နိုင်ငံ၏ စီးပွားရေးကို မကြုံစဖူးခက်ခဲသည့် အခြေအနေသို့ တွန်းပို့ခဲ့ကြောင်းနှင့်ဆက်လက်၍လည်း ထိခိုက်မှုရှိမည်ဟု CPB ၏ ဒါရိုက်တာဖြစ်သူ Pieter Hasekamp ကပြောကြားခဲ့သည်။ နယ်သာလန်နိုင်ငံ၏ စီးပွားရေးသည် ၂၀၂၀ ပြည့်နှစ်၏ ဒုတိယသုံးလပတ်ကာလတွင် ပထမသုံးလပတ်နှင့်နှိုင်းယှဉ်ပါက ၈ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်၏ ဒုတိယသုံးလပတ်နှင့်နှိုင်းယှဉ်ချက်အရ ၉ ဒသမ ၅ ရာခိုင်နှုန်း အထိကျဆင်းခဲ့ပြီး၊ နယ်သာလန်နိုင်ငံ၏သမိုင်းတွင် အကြီးမားဆုံး စီးပွားရေးကျဆင်းမှုဖြစ်ခဲ့ကြောင်း Statistics Netherlands ၏ ပြီးခဲ့သည့် သီတင်းပတ်အစီရင်ခံစာများအရသိရသည်။

**Source: နယ်သာလန်တိုင်းမ်**

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဘရပ်ဆဲလ်**

## ဇူလိုင်လအတွင်း စားသောက်ကုန်ဈေးနှုန်းများကြောင့် ငွေကြေးဖောင်းပွမှုမြင့်တက်လာသည့် တရုတ်နိုင်ငံ

ယခုနှစ် ဇူလိုင်လအတွင်း တရုတ်နိုင်ငံ၏ စားသုံးသူဈေးနှုန်းအညွှန်းကိန်း (CPI)မှာ (၂.၈) ရာခိုင်နှုန်းမြင့်တက် လာခဲ့ပြီး၊ ၎င်းအညွှန်းကိန်းအနက် စားသောက်ကုန်ဈေးနှုန်း မြင့်တက်လာမှုမှာ သုံးပုံတစ်ပုံခန့်ရှိခဲ့သည်ကိုတွေ့ရပါသည်။ ထိုကဲ့သို့ မြင့်တက်လာမှုမှာ မေလတွင် (၂.၄)ရာခိုင်နှုန်း၊ ဇွန်လတွင် (၂.၅)ရာခိုင်နှုန်း အသီးသီးရှိခဲ့ကာ စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာမှုက အဓိကဖြစ်ကြောင်း အမျိုးသားစာရင်းအင်းဗျူရိုမှ ထုတ်ပြန်သည့် တရားဝင်စာရင်းများအရသိရပါသည်။

အသေးစိတ်ကြည့်ပါက ဇွန်လအတွင်းရောင်းလိုအားနည်းပါးမှုနှင့် အစားအသောက် ပြင်ဆင်ချက်ပြုတ်သော လုပ်ငန်းများ နာလန်ထူမှုပိုမိုများပြားလာသောကြောင့် ဝက်သားဈေးနှုန်း (၁၀.၃)ရာခိုင်နှုန်း တက်လာခဲ့သည်ကိုတွေ့ရပါသည်။ ထို့ပြင်

ဖွန်လအတွင်း ရာသီဥတုအခြေအနေဆိုးရွားမှုကြောင့် ရောင်းလိုအားနည်းပါးမှုနှင့် သယ်ယူပို့ဆောင်မှုများတွင် အခက်အခဲကြုံတွေ့မှုများကြောင့် ဟင်းသီးဟင်းရွက်ဈေးနှုန်းများ (၆.၃)ရာခိုင်နှုန်း မြင့်တက်ခဲ့ပါသည်။

ယခင်နှစ်အလားတူကာလနှင့်နှိုင်းယှဉ်ပါက စားသောက်ကုန်ဈေးနှုန်းများမှာ စားသုံးသူအညွှန်းကိန်းဖောင်းပွမှု၏ အဓိကတွန်းအားများအဖြစ် ဆက်လက်တည်ရှိနေ ဆဲဖြစ်ကာ၊ ယခင်နှစ်ကထက် (၁၃.၂)ရာခိုင်နှုန်းမြင့်တက်လာ၍ CPI တိုးတက်မှုတွင် (၂.၆၈)ရာခိုင်နှုန်းပါဝင်အားဖြည့်လျက်ရှိပါသည်။

အစားအသောက်နှင့် စွမ်းအင်တို့ကို ဖယ်ထုတ်ကြည့်ပါက အဓိက CPIမှာ ယမန်နှစ်ကထက် (၀.၅)ရာခိုင်နှုန်းသာ တိုးတက်လာလျက်၊ ဖွန်လအတွင်း (၀.၉)ရာခိုင်နှုန်းမှ ကျဆင်းလာခဲ့ကြောင်း အဆင့်မြင့်စာရင်းအင်းပညာရှင် Dong Lijuanက သုံးသပ်ပြောကြား ခဲ့ပါသည်။ အဓိကCPIမှာ စံချိန်တင်ကျဆင်းနေသဖြင့် အလုံးစုံငွေကြေးဖောင်းပွမှုကို ထိန်းချုပ်ထားနိုင်ကြောင်း China Minsheng Bank၏ သုတေသီချုပ် Wen binက ပြောကြားပါသည်။

ယခုနှစ် ပထမ (၇)လအတွင်း CPIမှာ ယခင်နှစ်ကထက် (၃.၇) ရာခိုင်နှုန်း မြင့်တက်လာခဲ့ပါသည်။ တရုတ်နိုင်ငံ၏ စက်ရုံဂိတ်၌ ကုန်စည်များအတွက် ကုန်ကျစရိတ်ကိုတိုင်းတာသော ထုတ်လုပ်သူဈေးနှုန်းအညွှန်းကိန်းမှာ ဇူလိုင်လအတွင်း (၂.၄)ရာခိုင်နှုန်း ကျဆင်းခဲ့သည်ကို တွေ့ရပါသည်။ ၎င်းထုတ်လုပ်သူဈေးနှုန်းအညွှန်းကိန်းမှာ မေလအတွင်း (၃.၇) ရာခိုင်နှုန်း၊ ဖွန်လအတွင်း (၃)ရာခိုင်နှုန်း အသီးသီးလျော့နည်းခဲ့သည်ကိုတွေ့ရပါသည်။

လအလိုက်အခြေခံအားဖြင့် ကုန်ထုတ်လုပ်သူများ ဆက်လက်ကုန်ထုတ်လုပ်နေပြီး ဈေးကွက်ဝယ်လိုအား တဖြည်းဖြည်း ပြန်လည်ကောင်းမွန်လာသောကြောင့် အလုံးစုံထုတ်လုပ်သူဈေးနှုန်းများမှာ (၀.၄)ရာခိုင်နှုန်းရရှိခဲ့ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ကုန်စည် များ၏ ဈေးနှုန်းများ မြင့်တက်လာခြင်းကလည်း အရေးပါကြောင်း Dongကဆိုပါသည်။

ကမ္ဘာလုံးဆိုင်ရာရေနံစိမ်းဈေးနှုန်းများ ပြန်လည်ကောင်းမွန်လာသောကြောင့် ဖွန်လမှစ၍ ပြီးခဲ့သည့်လတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်လုပ်သောကဏ္ဍများမှ ဈေးနှုန်းများ (၁၂)ရာခိုင်နှုန်းမြင့်တက်လာကာ၊ ရေနံ၊ ကျောက်မီးသွေးနှင့် အခြားလောင်စာများပြုပြင်ထုတ်လုပ်မှုများမှလည်း (၃.၄)ရာခိုင်နှုန်းမြင့်တက်ခဲ့ပါသည်။

ပြီးခဲ့သည့်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအတွင်း ပျမ်းမျှအားဖြင့် စက်ရုံဂိတ်ဈေးနှုန်းများမှာ (၂)ရာခိုင်နှုန်းကျဆင်းခဲ့ပါသည်။

စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများ လျင်မြန်စွာပြန်လည်နာလန်ထူလာမှု၊ ရောင်းလိုအားကို အာမခံပေးရန် အစိုးရ၏ စီမံဆောင်ရွက်ပေးမှုများ အကောင်အထည် ဖော်ဆောင်မှုနှင့် ဈေးနှုန်းများ တည်ငြိမ်စေရန် ဆောင်ရွက်မှုများကြောင့် ဈေးကွက်ရောင်းလိုအားနှင့် ဝယ်လိုအားတို့ကို မျှခြေ၌ရှိစေရန် ဆက်လက်ထိန်းထားမည်ဟုမျှော်လင့်ကြောင်း ၊ အတက်အကျ အချို့ရှိသော်လည်း ယေဘုယျအားဖြင့် စားသုံးသူဈေးနှုန်းများမှ တည်ငြိမ်နေမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ ယေဘုယျအားဖြင့် တည်ငြိမ်သောငွေကြေးဖောင်းပွမှုက မကြာမီလများအတွင်း ဈေးကွက်နှင့် အလုပ်အကိုင်တည်ငြိမ်စေရေး ငွေကြေးမူဝါဒစီမံရန် အစိုးရအား လုပ်သာကိုင်သာရှိစေခြင်းဖြစ်ကြောင်း Wenက ပြောကြားပါသည်။

Source: Xinhua (၁၀-၈-၂၀၂၀)

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ တရုတ် (နန်နင်း)**

## မုတ်သုံမိုးရွာသွန်းမှု ပြန်လည်ကောင်းမွန်လာခြင်းက အိန္ဒိယ၏ မိုးသီးနှံစိုက်ပျိုးထုတ်လုပ်မှုကို မြင့်တက်စေဖွယ်ရာရှိခြင်း

အိန္ဒိယနိုင်ငံ၌ ၂၀၂၀ ပြည့်နှစ် မုတ်သုံရာသီကာလ၌ မိုးဦးကောင်းမွန်ခဲ့ပြီး မိုးလယ်ကာလအစပိုင်း ဇူလိုင်လအတွင်း နိုင်ငံအရှေ့ပိုင်းနှင့် တောင်ပိုင်းရှိ အချို့သောပြည်နယ်များမှအပ ကျန် နယ်မြေဒေသများတွင် မိုးရွာသွန်းမှုနည်းပါးလျက် မိုးရေချိန်ရရှိမှု လျော့ကျခဲ့ပါသည်။ သို့ရာတွင် ဇူလိုင်လကုန်ပိုင်းမှစ၍ ဩဂုတ်လလယ်ပိုင်းအထိ မိုးရွာသွန်းမှု ပြန်လည်ကောင်းမွန်ခဲ့ရာ ယခုနှစ် အဓိကမိုးသီးနှံများ စိုက်ပျိုးပြီးစီးမှုပမာဏမှာ ယခင်နှစ်ကထက်ကျော်လွန်လျက်ရှိပြီး မိုးနှောင်းကာလ ဆက်လက်ကောင်းမွန်မှုရှိပါက အိန္ဒိယ၏ ၂၀၂၀-၂၁ ခုနှစ် မိုးသီးနှံစိုက်ပျိုးထုတ်လုပ်မှုကို မြင့်တက်စေနိုင်ဖွယ်ရာရှိပါသည်။ အိန္ဒိယ စိုက်ပျိုးရေးဦးစီးဌာနရှိ ကောက်ပဲသီးနှံနှင့် ရာသီဥတုစောင့်ကြည့်လေ့လာရေးအဖွဲ့ (Crop Weather Watch Group) ၏ ၂၀၂၀-၂၁

ခုနှစ် သီးနှံစိုက်ပျိုးပြီးစီးမှု အခြေအနေစာရင်းအရ ၁၄.၈.၂၀၂၀ နေ့အထိ အိန္ဒိယနိုင်ငံတစ်ဝန်း၌ မိုးသီးနှံစုစုပေါင်းဧရိယာဟက်တာ ၁၀၁၅.၅၈ သိန်း စိုက်ပျိုးထားရှိပြီး ယခင်နှစ်ကာလတူထက် ဟက်တာ ၇၉.၈၈ သိန်း ပိုမိုစိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရပါသည်။ အဆိုပါစာရင်းတွင် ယခုနှစ်မိုးရာသီ၌ ၁၄.၈.၂၀၂၀ နေ့အထိ စပါးစိုက်ဧရိယာဟက်တာ ၃၅၂ သိန်းခန့် စိုက်ပျိုးထားပြီးဖြစ်ရာ ယခင်နှစ်ကာလတူထက် ဟက်တာ ၄၃ သိန်းကျော် ပိုမိုလျက်ရှိကြောင်း၊ အခြားနှံစား သီးနှံများအား ဟက်တာ ၁၆၈ သိန်းကျော် စိုက်ပျိုးထားပြီး ယခင်နှစ်ထက် ဟက်တာ ၅.၈၄ သိန်းခန့်ပိုမိုကြောင်း၊ အလားတူ ဆီထွက်သီးနှံများကိုလည်း ဟက်တာ ၂၃.၅၆ သိန်းပိုမိုလျက် စုစုပေါင်း ဟက်တာ ၁၈၇ သိန်းကျော် စိုက်ပျိုးပြီးစီးခဲ့ကြောင်း ဖော်ပြထားပါသည်။

၂၀၂၀-၂၁ ခုနှစ် မိုးသီးနှံ ပဲမျိုးစုံ၌ အဓိကပါဝင်သည့် ပဲစင်းငုံအား ဧရိယာဟက်တာ ၄၂.၃၂ သိန်း စိုက်ပျိုးထားပြီးဖြစ်ရာ ယခင်နှစ်ကာလတူထက် ၁.၃၀ သိန်း ပိုမိုကြောင်းတွေ့ရှိရပါသည်။ ထို့အတူ မိုးသီးနှံမတ်ပဲ စိုက်ပျိုးပြီးစီးမှုဧရိယာမှာလည်း ဟက်တာ ၃၃.၇၄ သိန်းဖြစ်ရာ ယခင်နှစ် အလားတူကာလ စိုက်ပျိုးနိုင်မှုထက် ဟက်တာ ၁.၈၉ သိန်း ကျော်လွန်လျက်ရှိကြောင်း တွေ့ရှိရ သည်။ ယခုနှစ် မိုးသီးနှံပဲမျိုးစုံ၌ စိုက်ဧရိယာတိုးတက်မှုအများဆုံးမှာ မိုးပဲတီစိမ်းဖြစ်ပြီး ယခင်နှစ် ကာလတူထက် ဟက်တာ ၃.၈၉ သိန်း ပိုမိုလျက် စုစုပေါင်း ဟက်တာ ၂၉.၀၃ သိန်း စိုက်ပျိုးထားပြီးဖြစ်သည်။ အဆိုပါ ပဲ ၃ မျိုးအား ယခင်နှစ်ကထက် ဧရိယာဟက်တာပေါင်း ၇.၀၈ သိန်းကျော် တိုးချဲ့စိုက်ပျိုးနိုင်သော်လည်း အခြားပဲမျိုးများ၌ ဟက်တာ ၄.၅၈ သိန်းခန့် လျော့နည်းနေဆဲဖြစ်ရာ ယခင်နှစ်ကာလတူထက် မိုးသီးနှံပဲမျိုးစုံ ဧရိယာစုစုပေါင်းဟက်တာ ၂.၅၁ သိန်းကျော် ပိုမိုစိုက်ပျိုးထားနိုင်ကြောင်းတွေ့ရှိရသည်။

တောင်သူလယ်သမားများအနေဖြင့် မိုးကောင်းစွာရွာသွန်းသည့် အခွင့်အလမ်းကိုရယူ၍ မြေနေရာလွတ်မကျန် သီးနှံများ စိုက်ပျိုးနိုင်ရန်ကြိုးပမ်းလျက်ရှိပြီး မိုးနှောင်းသီးနှံများအား စက်တင်ဘာလလဆန်းပိုင်းကာလများအထိ စိုက်ပျိုးနိုင်သည့် အခြေအနေရှိရာ ယခုနှစ် မိုးသီးနှံစိုက်ပျိုးမှုမှာ ပုံမှန်စိုက်ဧရိယာထက် ကျော်လွန်ဖွယ်ရှိသည်ဟု စိုက်ပျိုးရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးကပြောကြားကြောင်း Economic Times သတင်းဌာနမှဖော်ပြပါသည်။

အိန္ဒိယနိုင်ငံ၌ ကောက်ပဲသီးနှံများ သိုလှောင်ထိန်းသိမ်းမှုကိုဆောင်ရွက်သည့် National Bulk Handling Corporation မှ သုတေသနဌာန၏ အကြီးအကဲဖြစ်သူ Mr. Hanish Kumar Sinha က ယခုနှစ် မုတ်သုံရာသီကာလ၌ မိုးပျံ့နှံ့ရွာသွန်းမှုမှာ ကောင်းမွန်ပြီး ဆက်လက်၍ မိုး နှောင်းကောင်းပါက မိုးသီးနှံထွက်ရှိမှုမှာ စံချိန်တင်နိုင်မည့် အခြေအနေရှိကြောင်း၊ ဥတ္တာပရာဒေ့ရှ်ပြည်နယ်၊ မဒ္ဒရာပရာဒေ့ရှ်ပြည်နယ်မြောက်ဖက်ပိုင်းနှင့် ဂူဂျရတ်ပြည်နယ်ရှိ နေရာဒေသအချို့တွင် မိုးရေချိန်ရရှိမှု အနည်းငယ်လျော့နည်းမှုရှိကြောင်း၊ သို့ရာတွင် ဥတ္တာပရာဒေ့ရှ်ပြည်နယ်၌ ဆည်ရေပေးဝေနိုင်မှုရှိသဖြင့် စိုးရိမ်ဖွယ်မရှိသကဲ့သို့ ကျန်ဒေသများတွင်လည်း သာမညသီးနှံများအပြင် မိုးရွာသွန်းမှု ပြန်လည်ကောင်းမွန်လာပါက အဓိကသီးနှံများကို စိုက်ပျိုးနိုင်ချေရှိကြောင်း ပြောဆိုပါသည်။

ယခုနှစ်တွင် မုတ်သုံဆောလျင်စွာ ဝင်ရောက်မှုရှိခြင်း၊ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုဂယက်ကြောင့် ရွှေ့ပြောင်း အလုပ်သမားများစွာ၏ ကျေးလက်ဒေသသို့ ပြန်လည်ပြောင်းရွှေ့နေထိုင်မှုက လယ်ယာကဏ္ဍ၌ လုပ်သားအင်အားလုံလောက်မှုဖြစ်စေခြင်း၊ သွင်းကုန်အပေါ်အမှီပြုနေရမှုကို လျော့ချလျက် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ပြည်တွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်ရေးမူဝါဒအား ပြောင်းလဲဖော်ဆောင်မှုနှင့်အညီ သီးနှံစိုက်ပျိုးရာသီ မစတင်မီကပင် အချို့သောသီးနှံများအတွက် အထောက် အပံ့ပြုမည့် အခြေခံရည်ညွှန်းဈေးနှုန်းများအား အစိုးရကမြှင့်တင်ပေးခဲ့ခြင်းစသည့် အကြောင်းအရင်းများနှင့်အတူ နိုင်ငံတစ်ဝန်းလုံးနီးပါး၌ မိုးကောင်းစွာပျံ့နှံ့ရွာသွန်းမှုနှင့် ရာသီဥတုကောင်းမွန်ရန်ခန့်မှန်းရရှိမှုများက အိန္ဒိယနိုင်ငံရှိ တောင်သူလယ်သမားများအား သီးနှံများပိုမိုတိုးချဲ့စိုက်ပျိုးရန် တွန်းအားဖြစ်ပေါ်စေလျက်ရှိပါသည်။

**Source:** 1. Good progress of monsoon in August raises hopes of bumper kharif harvest, 13 Aug 2020, Economic Times

2. Monsoon comeback boosts planting, 15 Aug 2020, Economic Times

3. All India weather summary and forecast bulletin, 14 Aug 2020, India Meteorological Department

**စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ နယူးဒေလီမြို့**

# STOCK EXCHANGE (25.8.2020)

YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 25th Aug. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,900 | +0 | +0.00% | 9,900 | 9,900 | 9,900 | 229 | 2,267,100 | 27,112,747 | 268,416 |
| MTSH | 00002 | 3,750 | +0 | +0.00% | 3,750 | 3,750 | 3,750 | 1,760 | 6,600,000 | 38,929,150 | 145,984 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 21,500 | +0 | +0.00% | 21,500 | 21,500 | 21,500 | 93 | 1,999,500 | 2,472,053 | 53,149 |
| TMH | 00005 | 2,750 | +0 | +0.00% | 2,750 | 2,800 | 2,750 | 173 | 475,800 | 12,823,224 | 35,264 |
| EFR | 00006 | 3,100 | +50 | +1.64% | 3,100 | 3,100 | 3,000 | 1,900 | 5,715,000 | 19,977,223 | 61,929 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 434.07 | +0.68 | +0.16% | 433.39 | 434.50 | 432.72 | 4,155 | 17,057,400 | 6 | 645,870 |

### Index chart




## Market Overview

As of 1:00 pm, 25th Aug. 2020

| MYANPIX | 434.07 ▲ 0.68 |
|---|---|
| Total Volume (shares) | 4,155 |
| Total Value (MMK) | 17 mil |
| Listed Company | 6 |
| Market Cap. (MMK) | 645,870 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,900 | ▲ 0 |
| MTSH | 00002 | 3,750 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 21,500 | ▲ 0 |
| TMH | 00005 | 2,750 | ▲ 0 |
| EFR | 00006 | 3,100 | ▲ 50 |